[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇွန်လ ၂၀ ရက်၊ ၂၀၂၃ ခုနှစ်


**ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇွန်လ ၅ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်**

**ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း**

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇွန်လ ၄ ရက်၊ ၂၀၂၃ | ဇွန်လ ၅ ရက်မှ ဇွန်လ ၁၈ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၅၅ | ၂၈ | ၃၈၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၂၃ | ၅ | ၄၂၈ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၅ | ၁ | ၁၆၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၀ | ၁ | ၆၀၁ |
| | ဖယ်ခုံမြို့နယ် | ၃၄၄ | ၅ | ၃၄၉ |
| | ဖရူဆိုမြို့နယ် | ၆၇ | | ၆၇ |
| | ဘောလခဲမြို့နယ် | ၃၂ | ၁ | ၃၃ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |

| | | | | |
|---|---|---|---|---|
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဇွန်လ ၄ ရက်နေ့အထိ ၂၀၂၃** | **IDPs အသစ် ဇွန်လ ၅ ရက် – ဇွန်လ ၁၈ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | ၄၀၀၀ | ၅၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၄၇၄၁ |
| | **စုစုပေါင်း** | **၂၀၈၁၁၅** | | **၂၁၂၁၁၅** |


စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လ(၅)ရက်မှ ဇွန်လ(၁၈)ရက်၊ ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ဖရူဆို
ရှားတော
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မယ်စဲ့
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
# ၁
# ၂
အညွှန်း
လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်း
အိမ်မီးရှို့ခြင်း
စကစ မှ ဖြတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌာနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌာနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

**စစ်ရှုံးနိမ့်သော စစ်ကောင်စီ လက်တုန့်ပြန်သည့်အနေဖြင့် မိုးဗြဲမြို့တွင် အရပ်သား ဒါဇင်သတ်ဖြတ်ခြင်းနှင့် ထိုင်းနယ်စပ်အနီး လေကြောင်းဖြင့်တိုက်ခိုက်ခြင်းများ**

မိုးဗြဲတွင် စစ်ရေးရှုံးနိမ့်နေသော စစ်ကောင်စီတပ်များသည် အရပ်သားများအား ပစ်မှတ်ထားကာ လက်နက်ကြီးများဖြင့် ပစတ်ခတ်ခြင်းအပြင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများကြောင့် ဇွန်လ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ မိုးဗြဲတွင် အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများအပါအဝင် အရပ်သား ၂၇ သတ်ဖြတ်ခံရသည်။ သည့်အပြင် ထိုင်းနယ်စပ်အနီးတွင် ရှိသော စစ်ကောင်စီတပ်စခန်းများအား ကရင်နီပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ရှုံးနိမ့်နေသော စစ်ကောင်စီတပ်များသည် သံလွင်မြစ်အရှေ့ဘက်ကမ်းတွင် ရှိသော မယ်စဲ့နှင့် ဖားဆောင်းမြို့တို့အား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

ဇွန်လ ၅ ရက်၊ နံနက် ၁၀ နာရီအချိန်တွင် မိုးဗြဲမြို့ထဲသို့ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသော စစ်ကောင်စီတ်ပများနှင့် ကရင်နီပူးပေါင်းတပ်များတို့ တိုက်ပွဲပြင်းထန်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်များမှ အနည်းဆုံး ၁၀ ဦး သေဆုံးပြီး ကရင်နီပူးပေါင်းတပ်များမှ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေသော မိုးဗြဲမြို့အတွင်းသို့ စစ်ကောင်စီတပ်များမှ လက်နက်ကြီး အကြိမ် ၁၀၀ ထက်မနည်း ပစ်ခတ်ခဲ့သည့်အတွက် လက်နက်ကြီးထိမှန်မှုကြောင့် အသက် ၁၀ နှစ်အောက် အမျိုးသားကလေးငယ်တစ်ဦး သေဆုံးသွားခဲ့သည်။

ဇွန်လ ၆ ရက်၊ နံနက်အချိန်တွင် တောင်ယာသွားသည့်လမ်း မိုးဗြဲမြို့အပြင်တွင်တစ်နေရာတွင် စစ်ကောင်စီ တပ်များမှ လက်နက်ငယ်များဖြင့် အမျိုးသား (၃)ဦးအား ပစ်သတ်သွားခဲ့သည်။ ညနေ ၃ နာရီအချိန်တွင် မိုးဗြဲမြို့ ကွက်သစ်ရပ်ကွက်တွင် ခြံရှင်းနေချိန် စစ်ကောင်စီမှ ပစ်ခတ်သည့် လက်နက်ကြီးကြောင့် အသက် ၅၀ အရွယ်ရှိ အမျိုးသားတစ်ဦး ထိမှန်သေဆုံးသွားခဲ့သည်။ ထို့အပြင် လက်နက်ကြီးကြောင့် သက်ကြီးပိုင်းအမျိုးသမီးတစ်ဦး လန့်ဖြန့်ကာ သေဆုံးသွားခဲ့သည်။

ဇွန်လ ၇-၈ ရက်၊ ရှမ်းပြည်တောင်ပိုင်း၊ မိုးဗြဲမြို့တွင် စစ်ကောင်စီတပ်များ၏ သတ်ဖြတ်ခြင်းခံရသော ပြည်သူ (၂၁)ဦးတို့၏ ရုပ်အလောင်းများအား ကရင်နီပူးပေါင်းတပ်ဖွဲ့မှ တွေ့ရှိခဲ့သည်။ သေဆုံးသူများသည် စစ်ရှောင်ရန်အသွားတွင် သတ်ဖြတ်ခံရခြင်း၊ နေအိမ်တွင် ပိတ်မိပြီး သတ်ဖြတ်ခံရခြင်း၊ လက်နက်ကြီးထိမှန်ပြီး သေဆုံးရခြင်းများအပါအဝင် အမျိုးသမီးနှစ်ဦးအား အဓမ္မပြုကျင့်ခံရပြီး ဖခင်နှင့်အတူ သတ်ဖြတ်ခံထားရသော ရုပ်အလောင်းအား တွေ့ရှိခဲ့သည်။

ဇွန်လ ၈ ရက်၊ ညနေ ၄ နာအချိန်တွင် ဘောလခဲအခြေစိုက်စစ်ကောင်စီ ဗျူဟာတပ်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့်အတွက် စောလုံကျေးရွာအုပ်စု လယ်ဝိန်းကျေးရွာအတွင်း ကျရောက်ပေါက်ကွဲကာ အသက် ၂၉ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး ထိမှန်သေဆုံးသွားခဲ့သည့်အပြင် နေအိမ်လည်း ပျက်စွားသွားခဲ့သည်။ ထိုတရက်တည်းအတွင်း ညနေ ၇ နာရီအချိန်တွင် စစ်ကောင်စီတပ် ခမရ ၅၃၀ မှ လက်နက်ကြီး ၅ လုံးဖြင့် ထီးစဲခါးကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသားတစ်ဦး

ထိမှန်ဒဏ်ရာရရှိသွားခဲ့သည့်အပြင် အိမ်ဆောက်ပစ္စည်းရောင်းသည့်ဆိုင်နှင့် ငွေသား သိန်း ၁၃၀ အပါအဝင် အခြားပစ္စည်းများ မီးလောင်ပျက်စီးသွားခဲ့သည်။


စကစတပ်များမှ အရပ်သားများ သတ်ဖြတ်ခြင်း၊ မိုးဖြဲ


စကစ၏ လက်နက်ကြီးကြောင့် ပျက်စီးသွားသော ဘာသာရေးအဆောက်အဦး၊ မိုးဖြဲ

ဇွန်လ ၁၀ ရက်၊ ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာတွင် ကရင်နီပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်များ တိုက်ပွဲပြင်းထန်ခဲ့ပြီး တိုက်ပွဲအတွင်း ကရင်နီပူးပေါင်းတပ်များမှ ရဲဘော် ၂ ဦးကျဆုံးသွားခဲ့သည်။ ညနေ ၇ နာရီအချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ဒီးမော့ဆို အနောက်ဘက်ခြမ်းသို့ ပစ်ခတ်ခဲ့သည့်အတွက် စစ်ဘေးရှောင်တစ်နေရာအတွင်းသို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲကာ နေအိမ်တစ်လုံး ထိမှန်ပျက်စီးသွားခဲ့သည်။

ဇွန်လ ၁၁ ရက်၊ စစ်ကောင်စီတပ်များ၏ ဂိတ်စခန်းနှစ်ခုဖြစ်သော လွိုင်ကော်မြို့အရှေ့ဘက် ဒေါတခြားကျေးရွာအနီးရှိ စစ်ကောင်စီ၏ ဂိတ်စခန်းတစ်ခုနှင့် လွိုင်ကော်မြို့၏ မြောက်ဘက်တွင်ရှိသော နွားလပိုးကျေးရွာအနီးရှိ နွားလပိုးလမ်းခွဲ စစ်ဆေးရေးဂိတ်စခန်းတို့အား ကရင်နီပူးပေါင်းတပ်များမှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း KNDF ရဲဘော် ၂ ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဇွန်လ ၁၃ ရက်၊ နံနက်အစောပိုင်းမှစပြီး ကရင်နီပူးပေါင်းတပ်များမှ သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ စစ်ကောင်စီရှေ့တန်းတပ်စခန်း ၃ ခုနှင့် မယ်စဲ့မြို့အတွင်းရှိ ရဲစခန်းတစ်ခုတို့အား တပြိုင်တည်း ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သိမ်းပိုက်ခံရသည့် စစ်ကောင်စီတပ်စခန်းများဖြစ်သော တောင်လှစခန်း၊ မယ်လနွယ်စခန်း၊ ဘီပီ ၁၄ တပ်စခန်းနှင့် မယ်စဲ့မြို့မရဲစခန်းတို့ဖြစ်သည်။ ကရင်နီပူးပေါင်းတပ်များမှ စစ်ကောင်စီ၏ လက်နက်ခဲယမ်းများဖြစ်သော လက်နက်ငယ် ၄၀ လက်၊ ၁၂၀ မမ ၂ လက်အပြင် အခြားလက်နက်ခဲယမ်းများလည်း သိမ်းဆည်းရမိခဲ့သည်။ တိုက်ပွဲအပြီးစစ်ကောင်စီ၏ လေယာဉ်လေးစီးဖြင့် လက်ရောက် ပစ်ကူခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်များ၏ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် ကရင်နီပြည်မှ စစ်ဘေးရှောင်ပြည်သူ ၃၆၆၉ ကျော်တို့သည် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

ဇွန်လ ၁၄ ရက်၊ ည ၉ နာရီ ၃၀ မိနစ်အချိန်တွင် မိုးဗြဲစစ်ဘေးရှောင်စခန်းတစ်နေရာအား စစ်ကောင်စီတပ်များမှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးများဖြင့် ၁၅ လုံးထက်မနည်း ပစ်ခတ်ခဲ့သည့်အတွက် စစ်ဘေးရှောင် နေသော အမျိုးသားနှစ်ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။ ထိုတရက်တည်းတွင် ည(၇)နာရီ အချိန် ဖားဆောင်းမြို့ သံလွင်အရှေ့ဘက်ခြမ်းကို စစ်ကောင်စီမှ လေယာဉ်ဖြင့်(၃)ကြိမ် ဗုံးကြဲတိုက်ခိုက်သလို လက်နက်ကြီး ပစ်ခတ်မှု များလည်း ရှိသည်။

ဇွန်လ ၁၅ ရက်၊ နံနက် ၂ နာရီအချိန်တွင် စစ်ကောင်စီမှ မိုးဗြဲစစ်ဘေးရှောင်တစ်နေရာအား လေယာဉ်ဖြင့် (၆)ကြိမ် ဗုံးကြဲတိုက်ခဲ့၍ စစ်ဘေးရှောင်မှ အဆောက်အဦးအချို့ ထိခိုက်ပျက်စီးသွားခဲ့သည်။

ဇွန်လ ၁၆ရက်၊ စစ်ရေးတင်းမာနေသည့် မိုးဗြဲမြို့တွင် စစ်ကောင်စီတပ်နှင့် မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ (၁၀)ဦးထက်မနည်းသေဆုံးခဲ့ကြောင်း မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်မှ ထုတ်ပြန်ထားပါသည်။ တိုက်ပွဲအတွင်း မိုးဗြဲ ၄၂၂ တပ်နှင့် လွိုင်ကော်အမြောက်တပ်တို့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဘာသာရေးအဆောက်အအုံနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ပါသည်။

ဇွန်လ ၁၇ ရက်၊ ကရင်နီပြည် ဖရူဆိုမြို့နယ်ရှိ အမှတ် (၁၄) တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ လက်နက်ကြီး ၅ လုံးဖြင့် ဖရူဆို အရှေ့ဘက်ခြမ်းတွင် ရှိသော ကျေးရွာဘက်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com